မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 10 , 2025 | Volume 88 , Number 6

**၁၀.၃.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၂.၅၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၀၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၅.၆၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၃.၆၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၃၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

| | |
|---|---|
| ဖုန်း | ၀၁-၃၇၁၂၀၄ |
| | ၀၁-၃၇၆၄၁၆ |
| | ၀၁-၃၇၆၄၉၀ |
| ဖက်စ် | ၀၁-၃၇၆၄၁၆ |

http://www.myantrade.gov.mm

## ၁၁ လတာအတွင်း ဆန်တင်ပို့မှုမှဒေါ်လာ ၁၀၈၇ သန်း ရရှိကြောင်း MRF ထုတ်ပြန်



၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ဧပြီလမှဖေဖော်ဝါရီလကုန်အထိ ၁၁လတာအတွင်းပြည်ပဝယ်လက်နိုင်ငံများထံ ဆန်နှင့်ဆန်ကွဲတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေအမေရိကန် ဒေါ်လာ ၁၀၈၇ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က မတ် ၅ ရက်က ထုတ်ပြန်ထားသည်။

ဆန်၊ ဆန်ကွဲမက်ထရစ်တန်ချိန် ၂,၃၇၃,၇၀၇ ဒသမ ၅ တန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၀၈၇ သန်းရရှိထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက အများဆုံး ဝယ်ယူတာဖြစ်ကြောင်း MRF ထုတ်ပြန်ချက်စာရင်းတွင် ဖော်ပြထားသည်။

လအလိုက်တင်ပို့မှုကိုကြည့်ရင်အောက်တိုဘာလမှာအများဆုံးတင်ပို့နိုင်ခဲ့ပြီး ဖေဖော်ဝါရီလမှာ ဆန်၊ဆန်ကွဲတန်ချိန် ၁၂၉,၄၅၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ သန်းထပ်မံရရှိခဲ့ခြင်း ဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း ဆန်တန်ချိန် ၁၃,၁၃၈ တန်၊ ဆန်ကွဲ တန်ချိန် ၅၆၇၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၁၂,၉၄၅၂ ဒသမ ၉ တန် တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှတင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန်လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ၁၉၇ သန်း၊ စက်တင်ဘာလမှာ ၁၀၄ သန်း၊ အောက်တိုဘာလမှာ ၁၈၉ သန်း၊ နိုဝင်ဘာလမှာ ၁၅၆ သန်း၊ ဒီဇင်ဘာလမှာ ၁၄၅ သန်း၊ဇန်နဝါရီလမှာ ၈၇ သန်း၊ ဖေဖော်ဝါရီလမှာ ၅၂ သန်းရရှိထားကြောင်းကို လည်းသိရသည်။

ဆန်နှင့်ဆန်ကွဲအမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကိုကြည့်ရင် ပြည်ပနိုင်ငံ၂၁ နိုင်ငံကအဓိကဝယ်လိုအားရှိပြီး အဲဒီအထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အများဆုံးဝယ်ယူထားပြီး ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံနှင့်တတိယအများဆုံးမှာ ပိုလန်နိုင်ငံက အများဆုံးဝယ်ယူသူတွေအဖြစ်ရှိနေသည်။

ဆန်ကွဲကိုတော့ပြည်ပနိုင်ငံကိုးခုကနေအများအပြားဝယ်ယူလျက်ရှိပြီး တရုတ်နိုင်ငံ၊ဘယ်လ်ဂျီယံနိုင်ငံတွေကနေ အများဆုံးဝယ်ယူလျက်ရှိသည်ကို စာရင်းတွေမှာ ဖော်ပြထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ဘဏ္ဍာနှစ်အတွင်းဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ရန်ရည်မှန်းထားပြီး လက်ရှိအချိန်ထိ တန်ချိန်၂ ဒသမ ၃ သန်းကျော်တင်ပို့ထားကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## မြန်မာ့ရွှေဓာတ်ခွဲစမ်းသပ်နိုင်ရန် ဓာတ်ခွဲခန်းများကို ရန်ကုန်မြို့အပါအဝင် တခြားမြို့ကြီးများ၌ဖွင့်လှစ်မည်



မြန်မာ့ရွှေဓာတ်ခွဲစမ်းသပ်နိုင်ရန် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများကို ရန်ကုန်မြို့အပါအဝင် တခြားမြို့ကြီးများ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ၊ ရွှေလုပ်ငန်းရှင်များအသင်း(YGEA)ဥက္ကဋ္ဌ က ပြောသည်။

အဆိုပါဓာတ်ခွဲခန်းများ ဖွင့်လှစ်နိုင်ရေး နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိရန်ဆောင်ရွက်နေပြီး X-ray စစ်ဆေးသည့်စက်များကိုလည်း မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

"ဓာတ်ခွဲခန်းတွေက ရန်ကုန်မြို့အပြင် တခြား မြစ်ကြီးနား၊ မန္တလေး၊ မော်လမြိုင်၊ ဘားအံမြို့တွေမှာလည်း ဖွင့်လှစ်မှာပါ။ စက်တွေက X-ray နဲ့ စမ်းတာတွေရှိတယ်။ နောက်ပြီး သိပ်သည်းဆစမ်းတာတွေရှိ တယ်။ အဲဒီအတွက်လည်း မှာယူပြီးပါပြီ" ဟု ၎င်းကပြောသည်။

အဆိုပါဓာတ်ခွဲခန်းများဖွင့်လှစ်ပြီးပါက မြန်မာ့ရွှေကို နိုင်ငံတကာဈေးကွက်သို့ လွယ်ကူစွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လတ်တလောတွင် ထိုင်း၊ စင်ကာပူ၊တရုတ်၊ အမေရိကန်၊ အိန္ဒိယနှင့်ဥရောပနိုင်ငံများမှ စိတ်ဝင်စားမှု ရှိနေကြောင်း၊ ထို့ကြောင့် ဓာတ်ခွဲခန်းများဖွင့်လှစ်ချိန်တွင် အစုရှယ်ယာရှင်များ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရန် Exchange နှင့် Logistic ကုမ္ပဏီ ၁၄ ခုခန့်ဖြင့် ချိတ်ဆက်ထားပြီးဖြစ်ကြောင်းနှင့် ရွှေဈေးကွက်အတွင်း လတ်တလော ကမ္ဘာ့ရွှေဈေးနှုန်းအတိုင်းသာ ဈေးနှုန်းအတက်အကျဖြစ်နေကြောင်း သိရသည်။

Source: https://www.myawady.net.mm/

## မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်



ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရားစေတီပုထိုးများသို့ လာရောက်လေ့လာလည်ပတ်ကြသည့် ပြည်တွင်း/ ပြည်ပခရီးသွားများအား မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက်ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်ပြီးပြည်တွင်း/ပြည်ပခရီးသွားများသည် မြန်မာ့သနပ်ခါးကို နှစ်သက်စွာ လိမ်းခြယ်လေ့ရှိကြကြောင်း ဒေသခံများထံက သိရသည်။

“ခရီးသွားတွေက ပုဂံရောက်ရင် ညောင်ရွက်ပုံ၊ သစ်ရွက်ပုံ၊ အသည်းပုံ ပုံစံအမျိုးမျိုးနဲ့ သနပ်ခါးပါးကွက်လေးတွေလိမ်းကြတယ်။ အမျိုးသမီးတွေ က ဆံပင်ကိုကျစ်ဆံမြီး အလှကျစ်ပေးတာ ကိုပါ လုပ်ကြတယ်။ ပြည်တွင်း/ ပြည်ပ ခရီးသွားအားလုံးသဘောကျကြတယ်။ ပုဂံရောက်ရင်လက်ပန်းချီဆွဲကြတယ်။ သနပ်ခါးလိမ်းကြ

တယ်။ မြန်မာ့ယဉ်ကျေးမှုပေါ်လွင်သလိုဒီလိုဝန်ဆောင်မှုပေးတဲ့အတွက် ဝင်ငွေလည်းရပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

မြန်မာ့သနပ်ခါးကို ရှေးဘုရင်များလက်ထက်ကတည်းက မြတ်မြတ်နိုးနိုးသုံးစွဲခဲ့ကြောင်းကို ပုဂံရှိ စူဠာမဏိစေတီနှင့်အပယ်ရတနာဘုရားတို့ရှိ နံရံဆေးပန်းချီများ၌ တွေ့ရှိနိုင်သည့်အတွက် ပြည်တွင်း/ပြည်ပခရီးသွားများအား မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးပြီး ဝန်ဆောင်မှုပေးခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုကို ထိန်းသိမ်းရာရောက်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြကြောင်း ဒေသခံများက ပြောကြားသည်။

“မြန်မာနိုင်ငံသားတွေက သနပ်ခါးကိုကိုယ့်အိမ်မှာလည်းအသုံးပြုကြပါတယ်။ဒါပေမဲ့ ပုဂံကိုအလည်လာတဲ့အခါ လိမ်းဖြစ်တဲ့သနပ်ခါးရနံ့နဲ့ ခံစားမှုက ပုဂံဒေသရဲ့စွမ်းအင်တစ်ခုပါ။ ပြည်ပခရီးသွားတွေ အတွက်ကတော့ မြန်မာ့သနပ်ခါးဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုကို ခံစားရစေပါတယ်။ ပုဂံရောက်ရင် သနပ်ခါးပါးကွက်ကြား လိမ်းပြီး စိတ်ကျေနပ်ပျော်ရွှင်တဲ့ ခရီးသွားတွေကို တွေ့မြင်ရတာဟာ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါ”ဟု ပုဂံဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို ၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) သို့ ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့်ပတ်သက်၍ ပညာပေးအစီအစဉ်များကိုသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသည်။

Source: https://www.myawady.net.mm/

## ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကျားပျံစပါးအမျိုးအစားတင်းရေ ၅၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ကျားပျံစပါးအမျိုး အစားတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၇၅,၀၀၀ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေလဲ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးအမျိုးအစားက ဆန်အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်တယ်။ကျားပျံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်” ဟု ဝါးခယ်မမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး ကပြောသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချနိုင်ခဲ့သည့် ကျားပျံစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁,၇၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကျားပျံစပါးများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း များအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade.gov.mm/

## ဧည့်မထဆန် (သစ်)နှင့်ဆန်ကွဲဈေးများ မြင့်တက်ကာ ဧည့်မထဆန် (ဟောင်း) ပေါ်ဆန်းမွှေးဆန်နှင့်ဖွဲနုဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၈.၂.၂၀၂၅ ရက်နေ့ တွင် ဧည့်မထဆန် (မနောသုခ) (ဟောင်း) တစ်အိတ် ၈၀,၀၀၀ကျပ်၊ ဧည့်မထဆန် (မနောသုခ) (သစ်)တစ်အိတ် ၇၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း) တစ်အိတ် ၁၃,၀၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန် (သစ်) တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၅၂,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၈,၀၀၀ ကျပ် နှင့် ဖွဲနုတစ်အိတ် ၂၁၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

၇.၃.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၈၀,၀၀၀ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်) တစ်အိတ် ၇၅,၀၀၀ ကျပ်၊ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃၀,၀၀၀ကျပ်၊ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၅၃,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၅၁၀၀၀ကျပ်နှင့်ဖွဲနုတစ်အိတ် ၂၁,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန် (မနောသုခ) (သစ်)တစ်အိတ် ၅၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၁၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၃၀၀၀ကျပ် နှင့် ဈေးတက်ကာ ဧည့်မထဆန်(မနောသုခ)(ဟောင်း)၊ ပေါ်ဆန်းမွှေးဆန်နှင့် ဖွဲနုဈေးများ တည်ငြိမ်လျက်ရှိသည်။ ဧည့်မထဆန် (မနောသုခ) (သစ်)၊ ဆန်ကွဲB(1,2)နှင့် ဆန်ကွဲB(2,3,4) တို့ ဈေးများမြင့်တက်သွားခြင်းမှာ အဝယ်လိုက်လာခြင်းတို့ကြောင့်ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး ပရိဘောဂကုန်စည်ပြပွဲကို ဟိုချီမင်းမြို့တွင် ဖွင့်လှစ်

ဗီယက်နမ်နိုင်ငံ နိုင်ငံတကာပရိဘောဂနှင့် အိမ်သုံးပစ္စည်းများပြပွဲ ၂၀၂၅ (VIFA EXPO 2025) ကို ဟိုချီမင်းမြို့ဆိုင်ဂုံကွန်ဗန်းရှင်းစင်တာတွင် မတ်လ ၅ ရက်နေ့ကဖွင့်လှစ်ခဲ့ပြီးနိုင်ငံအတွင်း အကြီးဆုံးပရိဘောဂ အရောင်းပြပွဲကြီးဖြစ်ကြောင်း Vietnam Plus အွန်လိုင်း သတင်းတွင် ဖော်ပြထားသည်။

သုံးရက်ကြာကျင်းပမည့် အဆိုပါပြပွဲတွင် အိမ်တွင်းနှင့် အပြင်ဘက် ပရိဘောဂများ၊ လက်မှုပညာများ၊ အိမ်အလှဆင် ပစ္စည်းများ၊ စက်ယန္တရားများနှင့် ဝန်ဆောင်မှုများအပါအဝင် ထုတ်ကုန်များစွာကို ပြသထားသည်။ စတုရန်းမီတာ ၄၀,၀၀၀ ကျော် ကျယ်ဝန်းသည့် VIFA EXPO 2025 သည် စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏ ဆန်းသစ်တီထွင်မှုများကို ပြသရန်နှင့် နိုင်ငံတကာမှ ဝယ်ယူသူများနှင့် ချိတ်ဆက်နိုင်ရန်အတွက် တက်ကြွသော စီးပွားရေးပတ်ဝန်းကျင်ကို ပံ့ပိုးပေးလျက်ရှိကြောင်း ရေးသားဖော်ပြထားသည်။

ယခုအကြိမ်ပြပွဲတွင် ပြခန်းပေါင်း ၆၅၀ ကျော်ပါဝင်ပြီး ၅၂ ရာခိုင်နှုန်းသည်နိုင်ငံနှင့် နယ်မြေ ၁၉ ခုမှ ဖြစ်ပြီး ၄၈ ရာခိုင်နှုန်းသည် ဗီယက်နမ်နိုင်ငံ၏ ပြည်နယ်နှင့်မြို့ကြီး ၁၇ ခုရှိ ထိပ်တန်း ပရိဘောဂစင်တာများကို ကိုယ်စားပြုကြောင်း ဖော်ပြထားသည်။ နိုင်ငံတကာ ကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် ကုန်စည်ပြပွဲအတွင်း နယ်စပ်ဖြတ်ကျော် E-commerce ပလက်ဖောင်းများဖြစ်သည့် Amazon နှင့် Wayfair တို့နှင့်ပူးပေါင်းကာ ဗီယက်နမ်လုပ်ငန်းများကို B2C လမ်းကြောင်းများမှတစ်ဆင့်ကမ္ဘာလုံးဆိုင်ရာ သုံးစွဲသူများထံ လွယ်ကူချောမွေ့စွာ ဝင်ရောက်နိုင်ရန် ကူညီပံ့ပိုးပေးသည်။

VIFA EXPO 2025 သည် ထုတ်ကုန်များခင်းကျင်းပြသခြင်းအပြင် စီးပွားရေးလုပ်ငန်းများကို ဈေးကွက်အသစ်ရှာဖွေရန်နှင့် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေရန်အတွက် အဓိကကွန်ရက်ချိတ်ဆက်မှုနှင့် အသိပညာမျှဝေသည့် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးကြောင်း၊ ဝယ်ယူသူများအနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာခေတ်ရေစီးကြောင်းများနှင့် ကိုက်ညီသော အရည်အသွေးမြင့် ထူးခြားသော ဒီဇိုင်းများကို ရှာဖွေတွေ့ရှိနိုင်ကြောင်း ဖော်ပြပါရှိသည်။

ယခုနှစ်ပွဲသည် ပါဝင်သူများအတွက် ထောက်ပံ့ပို့ဆောင်ရေးနှင့် တည်းခိုနေထိုင်မှုမှသည် စီးပွားရေးလုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ပံ့ပိုးကူညီမှုပေးသည့် အကြီးဆုံးပွဲဖြစ်သည်။ ထို့ပြင် စက်မှုလုပ်ငန်းကို အဓိကထားသည့် ဆွေးနွေးပွဲများ အပြိုင်ကျင်းပမည်ဖြစ်ကာ နိုင်ငံတကာမှ ဝယ်ယူသူများအနေဖြင့်လည်း ဗီယက်နမ်နိုင်ငံ၏တိုးတက်နေသော ပရိဘောဂထုတ်လုပ်မှုလုပ်ငန်းကို တိုက်ရိုက်ထိုးထွင်းသိနိုင်မည့် အခမဲ့စက်ရုံခရီးစဉ်များတွင်လည်း ပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (VCCI) ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Vo Tan Thanh က ဗီယက်နမ်နိုင်ငံ၏ ပရိဘောဂကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာခိုင်မာသော တည်ရှိမှုကို ထူထောင်ထားနိုင်သော်လည်း လက်ရှိတွင် ကုန်သွယ်မှုမူဝါဒများ ပြောင်းလဲခြင်း၊ ဒေသတွင်းပဋိပက္ခများနှင့် ပြိုင်ဆိုင်မှုပြင်းထန်ခြင်းစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း အလေးနက်ထားပြောကြားခဲ့သည်။ နိုင်ငံအတွင်း သက်တမ်းအရှည် ကြာဆုံး ပရိဘောဂ အရောင်းပြပွဲကြီးအဖြစ် VIFA EXPO သည် စီးပွားရေးလုပ်ငန်းများအတွက် အရေးပါသောတွန်းအားတစ်ခုအဖြစ်ဆက်လက်တည်ရှိနေပြီးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ဈေးကွက်များကွဲပြားစေရန်နှင့်ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်များနှင့် ချိတ်ဆက်နိုင်ရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း ရေးသားဖော်ပြထားသည်။

**Source: Vietnam Plus**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟနွိုင်းမြို့**

https://myantrade.gov.mm/

## ကနေဒါနိုင်ငံ၏ နို့ထုတ်ကုန်ပစ္စည်းများ၊ ပြုပြင်ပြီးသစ်သားထုတ်ကုန်များအပေါ် သွင်းကုန်ခွန် ကောက်ခံရန် အမေရိကန်သမ္မတက ပြောကြားခဲ့

ကနေဒါနိုင်ငံ၏ နို့ထုတ်ကုန်ပစ္စည်းများ၊ ပြုပြင်ပြီးသစ်သားထုတ်ကုန်များအပေါ် သွင်းကုန်ခွန်ကို ၇-၃-၂၀၂၅ ရက် အစောဆုံးစည်းကြပ်သွားရန်ရှိသည်ဟု ၇-၃-၂၀၂၅ ရက်တွင် သမ္မတအိမ်ဖြူတော်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် အမေရိကန်သမ္မတက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတက ကနေဒါနိုင်ငံသည် အမေရိကန်နိုင်ငံ၏ နို့ထုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန်၂၀၀ ရာခိုင်နှုန်းအထက်နှင့် ပြုပြင်ပြီးသစ်သားထုတ်ကုန်များအပေါ် အလွန်မြင့်မား သည့် သွင်းကုန်ခွန်များ သတ်မှတ်ကောက်ခံလျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံ၏ နို့ထုတ်ကုန်ပစ္စည်းများနှင့် ပြုပြင်ပြီးသစ်သားထုတ်ကုန်များကို ကနေဒါဈေးကွက်၌ ရောင်းချနိုင်ခြင်း မရှိအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံမှ အဆိုပါပို့ကုန်များသည် အနည်းငယ်မျှသာ ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံက ယင်းသို့ကောက်ခံမှုကို လျှော့ချမှုရှိ/မရှိ စောင့်ကြည့်သွားမည်ဖြစ်ပြီး အမေရိကန်နိုင်ငံကလည်း ကနေဒါနိုင်ငံ၏ နို့ထုတ်ကုန်ပစ္စည်းများနှင့် ပြုပြင်ပြီးသစ်သားထုတ်ကုန် ပစ္စည်းများကို တူညီသည့်ပမာဏအတိုင်း သတ်မှတ်ကောက်ခံရန် အစောဆုံး ၇-၃-၂၀၂၅ ရက် သို့မဟုတ် ၁၀-၃-၂၀၂၅ ရက် နှင့် ၁၁-၃-၂၀၂၅ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသည် ပြုပြင်ပြီးသစ်သားထုတ်ကုန်များကို ပြည်တွင်း၌တိုးမြှင့်ထုတ်လုပ်နိုင်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးလျက်ရှိကြောင်းနှင့် ကနေဒါနိုင်ငံမှတင်သွင်းလျက်ရှိသည့် အဆိုပါသွင်းကုန်အုပ်စုနှစ်မျိုးအပေါ် သွင်းကုန်ခွန်ဆိုင်းငံ့မှုသည် ၁၁-၃-၂၀၂၅ ရက်တွင် ပြန်လည်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/

# STOCK EXCHANGE (10.3.2025)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Mar. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,978 (Shares) | 26,268,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 1,679 | 12,088,800 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 1,328 | 3,920,100 | 38,929,150 | 116,788 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 345 | 2,691,000 | 10,400,986 | 81,128 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,750 | 2,295 | 4,083,850 | 29,664,613 | 53,396 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 218 | 632,200 | 12,823,224 | 37,187 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 538 | 860,800 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 205 | 810,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 370 | 1,182,000 | 23,804,946 | 76,176 |

TIR

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Mar. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.94 | -0.30 | -0.08% | 358.61 | 358.94 | 357.12 | 6,978 | 26,268,750 | 8 | 677,019 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:00 am, 5th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 50 (Shares) | 332,200 (MMK) |

| MYANPIX | 358.94 ▲ 0.00 |
|---|---|
| Total Volume (shares) | 50 |
| Total Value (MMK) | 0 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,019 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |